# ၂၆း အနန္တတန်ခိုးရှင်ချီးမြှောက်ကျူး

## Come Thou Almighty King

၁ ယော ၅း၇

တန်ခိုး အနန္တရှင်၊ ကြွလာ၊ မဟာဘုရင်၊
နာမ တော်အား၊ ကျွန်ုပ်တို့ ချီးမွမ်းရ၊ မစတော်
မူ အဘ၊ အောင်မြင် ဘုန်းနှင့်တကွ၊ စိုးစံမူပါ။

ကျွန်ုပ်တို့ ယေရှုရှင်၊ အကွယ်အကာ ကြွဆင်း၊
မလဲ အံ့ဖွာ၊ ရန်သူတို့ လက်ထဲက လွတ်မည် အ
ကြောင်း ကယ်မ၊ ကိုယ်တော်သာ မှီတွယ်ရာ၊ နာယူမူပါ။

နှုတ် ကပတ်တော် ကြွလာ၊ ကျွန်ုပ်တို့ ပတ္တနာ
နားညောင်းတော်မူ၊ ကိုယ်တော်၏ လူအပေါင်းတရား အ
ကျိုးမြင်အောင် ကောင်းချီးများစွာ သွန်းလောင်း၊ ဆင်းသက်တော်မူ။

အို ဥပဇ္ဈာယ် ဆရာ၊ သက်သေတော် ခံခြင်းဖွာ၊
ကြွပါ၊ ယခု၊ တန်ခိုး ခပ်သိမ်းရှိသော မဟာမြတ်
ဝိညာဉ်တော် အကျွန်ုပ်တို့ အပေါ် အုပ်စိုးခြင်းပြု။

သုံးပါး တဆူဘုရား၊ ကိုယ်တော် အရှင်မြတ်အား
ချစ်ခင် မှီဝဲ၊ အထက်ဘုံ၌ ဖူးမြော်၊ တန်ခိုး ဘုန်း
အာနုဘော်၊ ရှိတော်မူ ပါစေသော၊ အစဉ်အမြဲ။